# နိုင်ငံတကာအခြေအနေနဲ့ နိုင်ငံခြားရေးပေါ်လစီ

(၁၉၇၉ ခုနှစ်၊ စက်တင်ဘာ ၁၂။ တရုတ်ပြည်ကွန်မြူနစ်ပါတီ ၁၅ ကြိမ်မြောက် ပြည်လုံးဆိုင်ရာ ပါတီကွန်ဂရက်တွင် 'ရဲဘော်ကျန်းဇဲ့မင်' တင်သွင်းသောနိုင်ငံရေးအစီရင်ခံစာမှ အခန်း ၉ ကို ဘာသာပြန်ပါတယ်။)

မျက်မှောက်နိုင်ငံတကာ့အခြေအနေဟာ တခုလုံးအရ ဆက်လက်ပြီး တင်းမာမှုလျော့ပါးလာနေတယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ မျက်မှောက်ခေတ်ကာလရဲ့ အဓိက အကြောင်းအရာဖြစ်တယ်။ ဗဟုဝင်ရိုး ဖြစ်ထွန်းရေး အလားအလာဟာ တကမ္ဘာလုံးအတိုင်းအတာအရ ဒါမှမဟုတ် ဒေသအဝန်းအဝိုင်းအရ နိုင်ငံရေး၊ စီးပွားရေးစတဲ့ နယ်ပယ်အားလုံးမှာ အသစ်ဖြစ်ထွန်းတိုးတက်လာနေတယ်။ ကမ္ဘာပေါ်မှာ အင်အားစုအသီးသီးဟာ အသစ်တဖန်ကွဲထွက်မှုတွေနဲ့ ပြန်လည်ဖွဲ့စည်းမှုတွေ ပေါ်ထွက်လာနေပါတယ်။ အင်အားကြီးနိုင်ငံများအကြား ဆက်ဆံမှုကို အလေးထားမှုနဲ့ နက်နက်ရှိုင်းရှိုင်း ပြန်လည် ထိန်းညှိမှုတွေ ကြုံတွေ့နေရပါတယ်။ ဒေသအလိုက် တိုက်ကြီးများအလိုက် ပူးပေါင်းဆောင်ရွက်မှုတွေကို အရင်ဘယ်တုန်းကနဲ့မှ မတူအောင် အသက်ဝင် လှုပ်ရှားလာအောင် ဆောင်ရွက်နေကြပါတယ်။ ကျယ်ပြောလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အထွေထွေ အင်အားဟာ တိုးပွားလာနေတယ်။ ဗဟုဝင်ရိုးဖြစ်ထွန်းရေး အလားအလာ ဖြစ်ထွန်းတိုးတက်လာနေမှုဟာ ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စည်ပင်သာယာရေးတို့အတွက် အကျိုးရှိပါတယ်။ နိုင်ငံအသီးသီးက ပြည်သူတွေရဲ့တန်းတူရေး၊ အပြန်အလှန် အကျိုးခံစားခွင့်ရှိရေး၊ ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ရေးစတဲ့ တောင်းဆိုသံတွေဟာ တနေ့ထက်တနေ့ မြင့်တက်လာနေပါတယ်။ ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်ရေးတောင်းဆိုမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းဆော်မှုတွေဟာ ခေတ်ကာလရဲ့ အဓိကရေစီးကြောင်း ဖြစ်လာနေတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကာကွယ်ထိန်းသိမ်းရေး အကြောင်းအချက်တွေဟာ အဆက်မပြတ်တိုးပွားလာနေတယ်။ အတော်အတန် ရှည်ကြာတဲ့ အချိန်ကာလတခုအတွင်း ကမ္ဘာစစ်သစ်တခုကို ရှောင်လွှဲနိုင်ရေးဟာ ဖြစ်နိုင်ပြီး ကောင်းမွန်တဲ့ နိုင်ငံတကာ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်နဲ့ မိမိပတ်လည်က အိမ်နီးချင်းနိုင်ငံများနဲ့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်ရရှိ အောင် ကြိုးပန်းသွားရေးကိုလည်း အကောင်အထည်ဖော်ဆောင်နိုင်ပါတယ်။

ဒါပေမဲ့ စစ်အေးအတွေးအခေါ်ဟာ တည်ရှိမြဲ တည်ရှိနေတယ်။ ဗိုလ်ကျစိုးမိုးရေးဝါဒနဲ့ ဗိုလ်ကျမှုနိုင်ငံရေး **(Power Politics)** တို့ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ခြိမ်းခြောက်နေတဲ့ အဓိကရေသောက်မြစ် ဖြစ်မြဲဖြစ်နေတယ်။ စစ်ရေးအုပ်စုတွေ တိုးချဲ့နေမှု၊ စစ်ရေးမဟာမိတ်အဖွဲ့တွေကို အားသစ်သွန်းလောင်းပေးနေမှုတွေဟာ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနဲ့ လုံခြုံမှုအာမခံရေးတို့အတွက် ဘာမှအထောက်အကူမဖြစ်ပါဘူး။ တရားမျှတမှုမရှိတဲ့၊ ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ နိုင်ငံတကာ့ စီးပွားရေးစနစ်ဟောင်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်နေတုန်းပဲ ရှိပါသေးတယ်။ ဆင်းရဲချမ်းသာကွာဟမှုဟာ အဆက်မပြတ်ကျယ်ပြန့်လာနေတယ်။ 'လူ့အခွင့်အရေး' စတဲ့ပြဿနာတွေကို အသုံးချပြီး သူတပါးရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တဲ့ အခြင်းအရာတွေဟာ အလွန်ဆိုးဝါးနေဆဲဖြစ်တယ်။ အမျိုးသားရေးအရ၊ ဘာသာရေးအရ၊ နယ်မြေ အရေးကိစ္စစတဲ့ အကြောင်းရင်းတွေကြောင့် ဒေသဆိုင်ရာ အချင်းပွားမှုတွေ ငုပ်ချည်ပေါ်ချည် ဖြစ်နေတယ်။ ဒါကြောင့် ကမ္ဘာကြီးဟာ မငြိမ်မသက်ဖြစ်မြဲဖြစ်နေတယ်။

တိန့်ရှောင်ဖင်ရဲ့ နိုင်ငံခြားရေးအတွေးအခေါ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး လွတ်လပ်တဲ့၊ အမှီခိုကင်းတဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံခြားရေးပေါ်လစီကို တလျှောက်လုံး မပြောင်းမလဲ ကျင့်သုံးသွားမယ်။ နိုင်ငံတကာအရေးကိစ္စ မှန်သမျှကို တရုတ်ပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ အရင်းခံအကျိုးစီးပွားမှအစချီပြီး ပြဿနာကိုယ်တိုင်ရဲ့ အမှားအမှန်နဲ့ တရားနည်းလမ်းကျခြင်း မကျခြင်းတို့အရ မိမိတို့ရဲ့ရပ်တည်ချက်နဲ့ ပေါ်လစီကို ဆုံးဖြတ်သွားမယ်။ ပြည်ပရဲ့ ဘယ်လိုဖိအားဖြစ်ဖြစ် အညံ့မခံဘူး။ ဘယ်အင်အားကြီးနိုင်ငံ ဒါမှမဟုတ် နိုင်ငံအုပ်စုတွေနဲ့မှ မဟာမိတ်ဖွဲ့ပြီး စစ်အုပ်စုမလုပ်ဘူး။ စစ်လက်နက် အပြိုင်အဆိုင်တပ်ဆင်ရေးထဲ မပါဝင်ဘူး။ စစ်ရေးတိုးချဲ့မှုတွေမလုပ်ဘူး။

ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်သွားမယ်။ နိုင်ငံအချင်းချင်းအကြား အချင်းပွားမှုတွေနဲ့ အငြင်းပွားမှုတွေကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းအားဖြင့် ဖြေရှင်းသွားသင့်ပြီး လက်နက်အင်အားနဲ့ ဖြေရှင်းရေး ဒါမှမဟုတ် လက်နက်အင်အားနဲ့ အပြန်အလှန် ခြိမ်းခြောက်ရေးတို့ကို မပြောသင့်ဘူး။ ဘယ်လို အကြောင်းပြချက်နဲ့မှ တခြားနိုင်ငံရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခွင့်မပြုဘူး။ အားကောင်းသူက အားနည်းသူကို ချိုးနှိမ်တာ၊ ကျူးကျော်တာ၊ စော်ကားမော်ကားပြုကျင့်တာနဲ့ တခြားနိုင်ငံကို တွန်း လှန်ဖြိုဖျက်တာမျိုးတွေကို ပိုလို့တောင် လုပ်ခွင့်မပြုနိုင်ပါဘူး။ ကျွန်တော်တို့ဟာ မိမိရဲ့ လူ့အဖွဲ့အစည်းစနစ်နဲ့ တွေးခေါ်ယူဆမှုတွေကို သူတပါးအား အတင်းလက်မခံခိုင်းပါဘူး။ တခြားနိုင်ငံက သူတို့ရဲ့ လူ့အဖွဲ့အစည်းစနစ်နဲ့ တွေးခေါ်ယူဆမှုတွေကို ကျွန်တော်တို့ကို အတင်းအားဓမ္မ လက်ခံခိုင်းခြင်းကိုလည်း ဘယ်နည်းနဲ့မှ ခွင့်မပြုပါဘူး။

တရားမျှတပြီး ကျိုးကြောင်းဆီလျော်တဲ့ နိုင်ငံတကာ့ နိုင်ငံရေး၊ စီးပွားရေးစနစ်ထူထောင်သွားရေးကို လုံးပန်းအားထုတ်တွန်းဆော်သွားမယ်။ ဒီလို နိုင်ငံတကာ့ အစီအစဉ်ကသာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး၅ရပ်ကို အခြေခံအဖြစ်ထားတဲ့၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်တွေနဲ့ မူတွေနဲ့ပါကိုက်ညီပြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေတ်ရေစီးကြောင်းကိုပါ ရောင်ပြန်ဟပ်နိုင်ပါလိမ့်မယ်။

ကမ္ဘာကြီးရဲ့ အမျိုးမျိုးအဖုံဖုံ တည်ရှိနေမှုကို လေးစားကြရပါမယ်။ မျက်မှောက်ကမ္ဘာကြီးဟာ ပုံစံအမျိုးမျိုးနဲ့ ဆန်းတင့်ဝေဆာနေတာပါ။ နိုင်ငံအသီးသီးဟာ မိမိနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ လူ့အဖွဲ့အစည်းစနစ်၊ ဖွံ့ဖြိုးတိုးတက်ရေးသေနင်္ဗျူဟာနဲ့ နေထိုင်မှုပုံစံကို ရွေးခြယ်ပိုင်ခွင့်ရှိပါတယ်။ နိုင်ငံအသီးသီးက ပြဿနာတွေကို နိုင်ငံအသီးသီးက ပြည်သူတွေဟာ မိမိဘာသာ တာဝန်ယူဆောင်ရွက်သွားပြီး၊ နိုင်ငံတကာ့ပြ ဿနာတွေကိုတော့ နိုင်ငံအားလုံး စုပေါင်းဆွေးနွေးညှိနှိုင်း ဖြေရှင်းသွားသင့်ပါတယ်။

အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ခင်သင့်မြတ်မိတ်ဝတ်မပျက်ချစ်ကြည်ရင်းနှီးမှုကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားမယ်။ ဒါကို ကျွန်တော်တို့ တလျှောက်လုံး ဆုပ်ကိုင်သွားမယ်။ ဘယ်တော့မှ ပြောင်းလဲလိမ့်မယ်မဟုတ်ဘူး။ ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံများအကြား

တည်ရှိနေတဲ့ အငြင်းပွားပြဿနာတွေကို ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေး တခုလုံးအခြေအနေကြီး ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားပြီး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်း ဖြေရှင်းသွား သင့်တယ်။ တချိတည်းနဲ့ ဖြေရှင်းမရရင် ယာယီဘေးဖယ်ထားပြီး တူညီချက်ကို ရှာကြံ၊ ကွဲလွဲချက်ကို ဖယ်ချန် ထားသင့်တယ်။

တတိယကမ္ဘာဝင် နိုင်ငံတွေနဲ့ စည်းလုံးညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို တဆင့်တက် အားဖြည့်သွားရမယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ နိုင်ငံတော်လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်သွားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုး တက်မှု အကောင်အထည်ဖော်ရေး အရင်းခံရည်မှန်းချက်တွေမှာ တညီတညွတ်တည်း ရှိကြပါတယ်။ တရုတ်ပြည်ဟာ အစဉ်အမြဲအားဖြင့် ကျယ်ပြောလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ဘက်အသီးသီးမှာ အပြန်အလှန် အထောက်အကူပြု၊ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပြီး တရားနည်းလမ်းကျတဲ့ အခွင့်အရေးတွေနဲ့ အကျိုးစီးပွားတွေကို အ တူတကွ စောင့်ထိန်းသွားမယ်။

ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးမူ ၅ ချက် အခြေခံပေါ်မှာ ဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ ဆက်ဆံရေး ဆက်လက်ပြည့်စုံကောင်းမွန်ပြီး ဖြစ်ထွန်းတိုးတက်လာစေရမယ်။ နိုင်ငံအချင်းချင်းအကြား လူမှုစနစ်နဲ့ တွေးခေါ်ယူဆမှု မတူကွဲပြားမှုကို ကျော်နင်းပြီး၊ အပြန်အလှန်လေးစားစွာ၊ ချစ်ကြည်ရင်းနှီးစွာ အချင်းချင်းပေါင်းသင်း ဆက်ဆံသွားသင့်တယ်။ တူညီတဲ့ ဘုံအကျိုးစီးပွားရဲ့ဆုံချက်ကိုရှာဖွေပြီး၊ အပြန်အလှန် အကျိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ လူသားတွေ အသက်ရှင်သန် ရပ်တည်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို အတူတကွ ရင်ဆိုင်သွားရမယ်။ အချင်းချင်းအကြား ကွဲလွဲမှုတွေမှာ အပြန်အလှန်ဆွေးနွေးရေးကို စွဲစွဲမြဲမြဲဆုပ်ကိုင်၊ အတိုက်အခံမလုပ်ဘဲ၊ နှစ်ဦးနှစ်ဖက် ရေရှည်အကျိုးစီးပွားနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး တခုလုံးအခြေအနေကြီးမှ အစချီကာ ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းပေးပြီး၊ အပြစ်ပေးအရေးယူခြင်းနဲ့ အပြန်အလှန်ခြိမ်းခြောက် အပြစ်ပေးခြင်းတို့ကို အစဉ်အမြဲ ဆန့်ကျင်သွားမယ်။

တန်းတူရေး၊ အပြန်အလှန်အကျိုးရှိရေးမူကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားပြီး၊ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ဒေသအသီးသီးတို့နဲ့ အပြန်အလှန်ကူးလူးဆက်ဆံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံပညာနဲ့ ယဉ်ကျေးမှုဖလှယ်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး ကို တွန်းဆော်သွားမယ်။

ကုလသမဂ္ဂနဲ့ တခြားနိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍတွေ အပြည့်အဝဖြစ်ထွန်းလာရေး အတွက် ဘက်စုံနိုင်ငံခြားဆက်ဆံရေးလှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွပါဝင်သွားမယ်။

လွတ်လပ်ရေး၊ အမှီခိုကင်းရေး၊ လုံးဝတန်းတူရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးရာကိစ္စများကို အပြန်အလှန်ဝင်ရောက်မစွက်ဖက်ရေးမူ အခြေခံပေါ်မှာ ကျွန်တော်တို့ပါတီနဲ့ အပြန်အလှန် ဆက်ဆံသွားလိုတဲ့ဆန္ဒရှိတဲ့ နိုင်ငံအသီးသီးရှိ နိုင်ငံရေးပါတီအားလုံးနဲ့ ပါတီချင်းအပြန်အလှန်ဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးပုံစံသစ်အရ ဖြစ်ထွန်းတိုးတက်နေမှုကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး၊ နိုင်ငံချင်းဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာရေးကို တွန်းဆော်သွားမယ်။

တရုတ်ပြည်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဒေသတည်ငြိမ်ရေးကို ထိန်းသိမ်းကာကွယ်တဲ့ ပြတ်သားကြံ့ခိုင်တဲ့ အင်အားစုဖြစ်တယ်။ ကျွန်တော်တို့ဟာ ဆိုရှယ်လစ်ခေတ်မီရေးတည်ဆောက်မှုကို ဆောင်ရွက်သွားရန် ရှည်ကြာတဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတကာ့ပတ်ဝန်းကျင်တခုလိုအပ်သလို အထူးသဖြင့် မိမိပတ်လည်က အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးကို ထိန်းသိမ်းသွားရန် လိုအပ်ပါတယ်။ တရုတ်ပြည်ရဲ့ ဖွံ့ဖြိုးတိုတက်မှုဟာ ဘယ်နိုင်ငံကိုမှခြိမ်းခြောက်မှု ဖြစ်လာလိမ့်မယ်မဟုတ်ပါဘူး။ နောင်တရုတ်ပြည် ဖွံ့ဖြိုးပြီးသွားရင်လည်း ဘယ်တော့မှ ဗိုလ်ကျမှု လုပ်မှာ မဟုတ်ပါဘူး။ တရုတ်ပြည်သူတွေဟာ အင်အားကြီးနိုင်ငံတွေရဲ့ ကျူးကျော်မှု၊ ဖိနှိပ်မှုနဲ့ နိုင်ထက်စီးနင်းပြုကျင့်မှုတွေကို ရှည်ကြာစွာ ခံခဲ့ရဖူးတာမို့ ဒီလိုခါးသည်းနာကျည်းမှုတွေကို သူတဖက်သားကို ဘယ်တော့မှ ပေးမှာမဟုတ်ဘူး။

ကမ္ဘာကြီးရဲ့ အနာဂတ်ဟာ ထွန်းပြောင်ပါတယ်။ လမ်းကြောင်းကတော့ ကွေ့ကောက်ပါတယ်။ တရုတ် ပြည်သူတွေဟာ ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်သူတွေနဲ့အတူ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မြင့်မြတ်တဲ့ အရေးတော်ပုံကြီးအတွက်၊ လူသားတွေရဲ့ ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို စတင်တည်ဆောက်ရေးအတွက် မလျော့တဲ့ဇွဲလုံ့လနဲ့ ကြိုးပမ်းအားထုတ်သွားလိုပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုသုတေသနဌာန၏ ‘အမှာ’

(၁) တရုတ်ပြည်ကွန်မြူနစ်ပါတီက လွန်ခဲ့တဲ့ နှစ် (၃၀) တုန်းက ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ပါ။
မျက်မှောက်နိုင်ငံတကာ့အခြေအနေ (၂၁ ရာစုရဲ့ ပထမဆယ်စုနှစ် ကုန်ဆုံးတဲ့ အချိန်မှာ တည်ရှိနေတဲ့
နိုင်ငံတကာ့အခြေအနေ) နဲ့ နှိုင်းယှဉ်ပြီး ကြည့်စေချင်လို့ အခုလို ဝက်ဘ်ဆိုက်မှာ တင်လိုက်တာပါ။

(၂) ‘မျက်မှောက်ခေတ်’ အကဲဖြတ်ချက်ဟာ ကွန်မြူနစ်တို့အဖို့ အရေးကြီးတဲ့ သေနင်္ဂဗျူဟာပြဿနာ ဖြစ်ပါတယ်။ ပါတီရဲ့ နည်းပရိယာယ်လမ်းစဉ် ချမှတ်ရာမှာလည်း အရေးတကြီး ထည့်သွင်းစဉ်းစားရတဲ့ အချက်ကြီး ဖြစ်ပါတယ်။

(၃) ရဲဘော်တို့ရဲ့ စဉ်းစားချက်ကို ဗဟိုသုတေသနဌာနသို့ ပေးပို့လာပါက ကြိုဆိုပါတယ်။

ဗဟိုသုတေသနဌာန

ဗမာပြည်ကွန်မြူနစ်ပါတီ